ထန်ဂါးကျေးရွာ

မချမ်းဘောမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ( ၂၀၂၁ – ၂၀၂၆ )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထန်ဂါးကျေးရွာ၊ မချမ်းဘောမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ဇူလိုင်လ (၃၁) ရက်

## မာတိကာ


မာတိကာ

စကားချီး
ထန်ဂါးကျေးရွာအရင်းအမြစ်ပြမြေပုံ၊
ထန်ဂါးကျေးရွာရာသီခွင်ပြ ဇယား
ထန်ဂါးကျေးရွာအစုအဖွဲ့ပြမြေပုံ

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
- (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
- (က) လူဦးရေဆိုင်ရာ အချက်လက်များ
- (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေး နှင့် အာဟာရ
- (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(၇) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၈) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ**

(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂** ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းမြစ်အခြေအနေ**

ဇယား ၃ **ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

**ဇယား ၄** ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

**ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား ၆ ကျေးရွာ၏ စိုက်ပျိုးမြေ၊မြေယာ ပိုင်ဆိုင်သည့်အိမ်ထောင်စု**

**ဇယား ၇ အဓိကသီးနှံများနှင့်အထွက်နှုန်း**

**ဇယား ၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

**ဇယား ၉** စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

ဇယား ၁၀ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၁၁ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား ၁၂ ရေလမ်းကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၁၄ လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား ၁၅ **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ**

**ဇယား ၁၆ ကျောင်းတက်နှုန်း**

ဇယား **၁၇** စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

**ဇယား** ၁၈ အဖြစ်များသော ရောဂါများ

**ဇယား** ၁၉ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား ၂၀ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၂၁ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၂၂ အိမ်သာအမျိုးအစား

ဇယား ၂၃ ကျေးရွာ၏ထိခိုက်နိုင်သည့်ဘေးအန္တရယ်များအခြေအနေ

ဇယား ၂၄ **သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များအခြေအနေ**
ဇယား ၂၅ **ကျားမရေးရာ**

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်**

**ကိုးကားစာရင်း**

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုး ပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်း စွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇူလိုင်လ ၊ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ထန်ဂါးကျေးရွာ
ထန်ဂါးကျေးရွာအုပ်စု၊မချမ်းဘော့မြို့နယ်

# ထန်ဂါးကျေးရွာ သယံဇာတပြမြေပုံ

# ထန်းဂါးကျေးရွာရာသီခွင်ပြဇယား

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစား ပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်း ကြောင်းများ ကို လည်း ဖော်ပြ ထားပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန်ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီး များပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုးဖြစ် ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ထန်ဂါးကျေးရွာသည် ထန်ဂါးကျေးရွာအုပ်စု၊ မချမ်းဘော့မြို့နယ်တွင်တည်ရှိသော ကျေးရွာ ဖြစ်ပါသည်။မချမ်းဘော့မြို့နှင့်(၂၂)မိုင်ခန့်ကွာသာဝေးသည်။မချမ်းဘော့မြို့နယ်နှင့် နောင်မွန်မြို့နယ် တို့ အားဆက်သွယ်ထားသည့် အဓိကလမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ အရှေ့ဘက်တွင် နောင်မွန်မြို့နယ် နှင့် အနောက်ဘက်တွင် အလန်ဂါးကျေးရွာတို့တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်း မွန်ပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုး ရေးလုပ်ငန်း လုပ်ကိုင်ဖြစ်သည်။ ဒေသ၏တစ်နှစ် ပျမ်းမျှ မိုးရေချိန်လက်မ ၄၀ကျော်တွင် ရှိသဖြင့် စိုက်ပျိုးရေး လုပ်ငန်းများအတွက်များစွာအထောက် အကူပြု သည်။

### (ခ) သဘာဝအရင်းအမြစ်

ထန်ဂါးကျေးရွာ တွင်ချောင်းမြောင်းပေါ်များ၍စိုက်ပျိုးမြေများအတွက်ရေကို လွယ်ကူစွာ ရရှိအသုံးပြုနိုင်ကြကာစိုက်ပျိုးရေးအတွက်အကျိုးဖြစ်ထွန်းသည်။ကျေးရွာတွင် လယ်ယာမြေ အသင့်အတင့်ရှိကြပြီးမြေဆီအသင့်အတင့်ကောင်းမွန်သည်။ကျေးရွာတွင် မိုးစပါးအားအဓိကစိုက်ပျိုး ကြသည်။ ကျေးရွာတွင်တောတောင်မြစ်ချောင်း ပေါ်များ၍ ကျေးရွာလူထုအတွက် ထင်း၊ ဝါး၊ သင်းကော၊ သဲ၊သဲကျောက်၊ဆေးဖက်ဝင်အပင်နှင့်သဘာဝပေါက်ပင်များစုံလင်စွာပေါက်ရောက်ပါသည်။ တိရစ္ဆာန်မျိုးစိတ်များလည်း လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားရှိပါသည်။

### ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း ၂၆အိမ်ရှိပြီးလူဦးရေပေါင်း ၁၄၂ (ကျား ၇၃ + မ ၆၉) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၄ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာမြန်မာနိုင်ငံ၏ စံနှုန်း ဖြစ်သော ၅ယောက်နှုန်းထက်အနည်းငယ်ပိုများသည်ကိုတွေ့ရသည်။ကျေးရွာတွင်နို့စို့အရွယ်ကလေးငယ်စုစုပေါင်း ၄ ဦး၊ ၂.၈% ရှိ သဖြင့်ယခုနှစ်များတွင်မွေးဖွါးနှုန်းကျဆင်းနေသည်ကိုတွေ့ရသည်။ **၁နှစ်အထက်မှ ၄နှစ်အထိကလေး ၁၂ ဦး (၈.၄ %) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေးအရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ဦး ၁၅(ကျား ၇+ မ ၈) နှင့် အလယ်တန်းကျောင်းသားအရွယ် ၈ဦး (ကျား ၃ + မ ၅) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၉၇ (ကျား၅၅ + မ ၄၂)၊ (၆၈.၃%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင် တတ်မြောက်အောင် စွမ်းရည်မြှင့်တင် ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အ ထောက် အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသမီး ဦးရေထက်အမျိုးသား ဦးရေ သည် ၁၃ ဦး (၉%) ပိုများနေ သည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ဦး ၇ (ကျား ၄ + မ ၃) ဦး ရှိသဖြင့်ကျေးရွာ တွင် ကျန်းမာရေးစောက်ရှောက်မှုများလိုအပ်နေကြောင်း တွေ့ရသည်။ သက်ကြီး ရွယ်ကြီးတွင်လည်း အမျိုးသားဦးရေသည်ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသားများသည် အမျိုးသမီးများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။**

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာသာမန်အား ဖြင့် ကောင်းမွန်မှုမရှိပါ။ ကျေးရွာမှာကုန်းမြင့်ဒေသတွင်ဖြစ်နေခြင်းကြောင့် လယ်ယာလုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရွှေ့ပြောင်းတောင်ယာစနစ်သာ အဓိကကျေးရွာ၏အသက်မွေး ဝမ်းကျောင်း

ဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများမှာ လက်လုပ်လက်စား ဆင်းရဲသား တောင်သူများဖြစ်ပြီး အိမ်ထောင်စုများ အကြားပိုင်ဆိုင်မှု ကွာဟမှု မရှိပါ။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာမရှိကြောင်းတွေ့ရှိရပါသည်။ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင်လုပ်ကိုင်ကြပါသည်။ကျေးရွာမှ အဆင်ပြေနှင့်အလယ် အလတ် အိမ်ထောင်စုများမှာ သူတပါးထံမှ မချေးမငှါးပဲ တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံကြသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများများမှာတစ်နှစ်ပတ်လုံးဝမ်းစာဖူလုံခြင်းမရှိသောကြောင့် လုပ်အားခ ကြိုတင်ယူ၍လည်းကောင်း၊ဆွေမျိုးမိတ်ဆွေများထံမှချေးယူ၍လည်းကောင်းဖြေရှင်း ကြကြောင်း တွေ့ရသည်။

လုပ်ငန်းအရင်းနှီးအတွက်ချေးငွေအများ(ငွေကြေးဝန်ဆောင်မှု) မရကြပါသဖြင့် ၊ပတ်ဝန်းကျင် ဆွေမျိုးများတွင်ချေးငှာကြရပါသည်။

ထိခိုက် သက်ရောက်မှုအမျိုးအစားတွင်သစ်တောပြုန်းတီးမှု ကိုသာ မြင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကိုနိမ့်သည့်အနေအထားများတွင်သာတွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စုအလိုက် ခွဲခြား သတ်မှတ်ရာတွင်လည်း လူငယ်များ၊ဆင်းရဲသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စုနှင့် ဆင်းရဲသည့် နေ့စားအိမ်ထောင်စုများမှာ ထိခိုက်သက်ရောက်မှု မြင့်မားကြောင်းတွေ့ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ ကလေးငယ်အများစုလည်းကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကို အာဟာရမုန့်တိုက်ကျွေးမှုများရှိသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းအများ စုတို့ သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ နိမ့်ကျသည်ကိုတွေ့ရှိရသည်။ ကျေးရွာသားများအနေဖြင့်အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမှာ ကျေးရွာနှင့်(၃)မိုင်အကွာရှိမန်နီကျေးရွာဆေးပေးခန်းသို့သွားကြသည်။ (၁၄)မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့်အလွယ်တကူသွားလာနိုင်သောမချမ်းဘော့မြို့နယ်ဆေးရုံ၊ ဆေးဆိုင် များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ရေတွင်း၊ ချောင်းရေ၊ စိမ့်စမ်းရေ ကို အလွယ်တကူ လုံလောက် စွာရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊ကျောက်ကပ်အစသော ရောဂါ ဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။ သွေးတိုးရောဂါ၊အစာအိမ်ရောင်ရောဂါနှင့်ရာသီအကူးအပြောင်းတွင် အဖျားအနာများ ဖြစ်ပွားမှုများသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် နိမ့်ပါး (အသင့်အတင့်/ မြင့်မား) ကြောင်းတွေ့ရှိရပါသည်။ သက်ကြီးရွာသား အများစုသည် မူလတန်း ပညာရေး ကိုသာ ရရှိကြပြီး/သော်လည်း အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြသည်။ကျေးရွာတွင်ဘွဲ့ရ ပညာတတ်မရှိပါ။ ကျေးရွာတွင်အခြေခံမူလတန်းကျောင်းရှိပါသည်။အလယ်တန်း၊ အထက်တန်းများကို ရွှ ထရန်ဒမ်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၊ပူတာအိုမြို့များသို့သွားရောက်တွင်တက်ရောက် ရပြီးပညာသင်ကြား နိုင်ပါသည်။သို့သော် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း အလွန်နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

မိသားစုအတွင်းကျား/မတို့၏အခန်းကဏ္ဍမှာ အမျိုးသားများကသာ ဦးဆောင်၍ဆုံး ဖြတ်ကြကြောင်းတွေ့ရသည်။ရပ်ရွာအရေးကိစ္စများတွင်လည်း အမျိုးသားများကသာ ဦးဆောင်ကြ သည်။ အမျိုးသမီးများမှာ အိမ်မှုကိစ္စများနှင့် သားသမီးငယ်များကိုပြုစုထိန်းကျောင်းခြင်းအပြင် အိမ်၏စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းဝင်ရောက်လုပ်ကိုင်ကြသည်။ ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားနှင့်မ ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင်အမျိုးသား၊အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။ လက်ရှိကျောင်းတက်နေ သောကျောင်းသား ဦးရေ ဇယားပါ ကိန်းဂဏန်းများအရမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများတွင် အမျိုးသမီး များကျောင်းတက်မှုပိုများသည်ကိုတွေ့ရသည်။/ (ကျား၊ မအရေအတွက်မှာ အလွန် ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက်ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူ ပင်ဖြစ်သည်။) သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများ သည်အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုမရှိကြောင်း တွေ့ရပါသည်။ အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုး သမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေး ခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအ ထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၄)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိသည်။လူမှုရေးအဖွဲ့များသည် ကျေးရွာ၏လူမှုရေး၊ သာရေးနာရေး ကိစ္စများအတွက် လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများ ကောင်းမွန်သည်။

ကျေးရွာတွင် စီးပွါးရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာသူ၊ကျေးရွာသားများဖြင့် ဖွဲ့စည်းထားသောမြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့၊ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမ အသင်းကျေးရွာသားအများစုမှာဝင်အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက် လျက်ရှိကြ သည်။

ကျေးရွာရှိအဆိုပါအဖွဲ့ အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရား တို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊နှစ်ရှည်သစ်သီးများနှင့်ဟင်းသီးဟင်းရွက် ကို အဓိကထား စိုက်ပျိုးကြသည်။ စပါး တစ်ကေပျမ်းမျှအထွက်မှာ (၃၀)တင်း၊ထွက်ရှိကြသည်။ စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာ ဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းတောင်သူများအတွက် ဝန်ဆောင်မှုများ ပေးကြသည်။ ကျေးရွာတွင် တောင်သူအများစုသည် စိုက်ပျိုးချိန်တွင် တစ်ပြိုင်နက်တည်း စိုက်ပျိုးကြသဖြင့် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမား ငှားရမ်းခ ဈေးကြီးမြင့်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်းရရှိနိုင် ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာကို လွယ်ကူစွာဝယ်ယူနိုင်ရန် လက်လမ်းမမီကြပေ။ ဖျက်ပိုးကာကွယ် ၊နှိမ်နင်းနည်း ကိုလည်းစနစ်တကျ တတ်မြောက်မှု မရှိကြပါ။ သဘာတမြေဩဇာပြုလုပ်နည်းနှင့် ဖျက်ပိုး ကာကွယ်နှိမ်နင်းနည်းပညာ များအား စနစ်တစ်ကျ ပို့ချပေးပါက တောင်သူလယ်သမားများဘဝ ပို၍လုံခြုံမှုရရှိနိုင်ပါသည်။ (အတွက် စိုက်ပျိုးရေး ဦးစီး ဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးမှုများရှိသည်။)

ကျေးရွာတွင်အိမ်မွေးတိရိစ္ဆာန်များကိုအိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူ လေ့မရှိကြပါ။ နွားကို ၂၁ အိမ်မှ ၆၂ ကောင်၊ ကျွဲကို ၁၇ အိမ်မှ ၃၆ ကောင်၊ ဝက်ကို ၄ အိမ်မှ ၄ကောင်၊ ကြက်ကို ၃၃ အိမ်မှ ၂၄၆ ကောင်တို့ဖြင့်တနိုင်တပိုင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ကျေးရွာတွင်ဈေးကွက်လက်လမ်းမမီပါ။နှစ်စဉ်ရာသီအလိုက်ရောဂါများ ဆိုးရွားစွာ ကျရောက်လေ့ရှိပြီး ကျေးရွာတွင် လိုအပ်သည့် အချိန်တွင် ဝန်ဆောင်မှု အလွယ်တကူ မရနိုင်ပါ။ ယခုနှစ် တွင် ဝက်နာ ရောဂါ ဆိုးရွားစွာ ကျရောက်သဖြင့် ကျေးရွာရှိဝက်များသေကြေ သည်ကိုသိရှိရပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းမှအပအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာနေ့စားအလုပ်များ၊ သုံးဘီးမောင်း၊ ဈေးဆိုင်ရောင်း၊ လက်သမား ၊ပန်းရံလုပ်ငန်းနှင့်သစ်တော၊ရေခဲတောင်များတွင်သစ်ဉသစ်ဖု၊ ဆေးမြစ်များရှာဖွေခြင်းစသည့်လုပ်ငန်းများဖြင့်အသက်မွေးဝမ်းကြောင်းပြုလုပ်ကြပါသည်။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ်ရနိုင်ကြသည်။ ကျေးရွာတွင် စပါးကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများအတွက်အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။စိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်များတွင် တစ်နေ့ လုပ်အားခကိုပျမ်းမျှ ၅,၀၀၀/- မှ ၈,၀၀၀/- ကျပ်အတွင်း ရနိုင်ကြသည်။ တစ်နှစ်အတွင်း အလုပ်လုပ်ရက်ပေါင်းမှ (၃၀ မှ ၄၀)ခန့် ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခမှာ (၁၀၀၀)မှ (၂၀၀၀)ထိပိုနေတတ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီးလူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အပြင် လုပ်ငန်းအတွေ့ အကြုံလည်း မရှိကြသောကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်တွင်ရရှိမှု နည်းသည်။

### (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ချောင်းရေတိုက်စားခြင်း၊ တောင်မြေပြိုခြင်း၊ဓာတုစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့်သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။ ကျေးရွာတွင် မုန်တိုင်း၊ လျှော်စသည့် သဘာဝဘေးအန္တရာယ်များကျရောက်လေ့မရှိပါ။ကျေးရွာဘေးတွင် မလိခမြစ်ကြီးရှိသဖြင့် ရေကြီးရေလျှံမှုများတစ်ခါတစ်ရံဖြစ်လေ့ဖြစ်ထရှိပါသဖြင့်ရေတားတံမံများပြုလုပ်ပေးရန်လိုအပ်ပါသည်။ မိုးဦးကျကာလ တွင်လေနီကြမ်းတိုက်ခတ်မှု၊မိုးသီးများကြွေကျမှုတခါတရံတွင်ကြုံတွေ့ရတတ်သည်။ သို့သော်လည်း အအေး လွန်ကဲခြင်း၊နှင့် အချိန်အခါမဲ့မိုးရွာသွန်းခြင်းစသည့် ရာသီဥတုဖေါက်မှုများမှာနှစ်တိုင်းလိုလိုကျရောက်တတ်ပြီး တောင်သူများ၏ စီးပွားရေး ကိုများစွာ ထိခိုက်ပျက်စီးစေသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် သမငွေစုငွေချေးအဖွဲ့၊ မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့တို့ ဖွဲ့စည်းထားပြီး ရွာသားအများစုသည် အဖွဲ့အလိုက် အဖွဲ့ဝင်များအဖြစ် ပါဝင်နေကြကာ တစ်လလျှင် အတိုးနှုန်း(၁)ကျပ်ဖြင့်ငွေချေးယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့များတွင် ချေးငွေကို(၁)နှစ်အထိချေးယူနိုင်ပြီးဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေး ဆိုင်ရာ စည်းကမ်း ပိုင်းတွင် တင်းကျပ်ထားသည်။ မြစိမ်းရောင်ကျေးရွာရန်ပုံငွေအဖွဲ့ လည်ပတ်ရန်ပုံငွေဖြစ်ပြီး ကျေးရွာသားများကို ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊

ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများကိုတွေ့ဆုံမေးမြန်းမှုအရ အများစုမှာ အကြွေးတင်ရှိမှု ရှိနေကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်အခြေခံပညာမူလတန်းအထိသာဖွင့်လှစ်ထားရှိပြီးအလယ်တန်းအထက်တန်းများအ ား မချမ်းဘော့မြို့၊ပူတာအိုမြို့များတွင်တွင် သွားရောက် တက်ရောက်ကြရပါသည်။ ကျေးရွာ စာသင်ကျောင်း အားကျောင်းသားမိဘများအနေဖြင့် ကျောင်းခြံစည်းရိုးအား နှစ်စဉ်ပြုပြင်ခြင်း၊ ကျောင်း ဆရာ/မ နေအိမ်ဆောက်လုပ်ခြင်းများဆောင်ရွက်ကြရပါသည်။ကျောင်းသားများအတွက်ပြဋ္ဌာန်းစာအုပ် များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန် တုတ်ကွေး အဖြစ်များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှု နိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ ဖြစ် ပွါးမှု မှာမြင့်မားသည်။ အရောင်ချွတ် ဆေးပါသော အစားအစာများ ကို နေ့စဉ် မလွဲမရှောင်သာ စားသောက် နေရ ခြင်း၊ ကျန်းမာရေးလေ့ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုးရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်း ရောင်ရောဂါ(ဘီ၊စီ) မှာလည်း အသက်ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံး အဆောင် များကို ရောဂါရှိသူများ နှင့် အတူသုံးစွဲရာမှတဆင့် အလွယ်တကူ ကူးစက်နိုင်သောကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ် များသည်။ကျေးရွာအတွင်းရှိ မူးယစ်ဆေးဝါး သုံးစွဲသည့် လူငယ် များ များပြားသဖြင့် HIV, AIDS ကူးစက်ခံရမှုမြင့်မားလျှက်ရှိပါသည်။ ကျေးရွာတွင် အခြားကူး စက်နိုင်သောရောဂါများမရှိပါ။ ထို့ကြောင့် ကျေးရွာကျန်းမာရေး အနေဖြင့်ကျန်းမာရေး ပညာပေးသင်တန်း၊ကျန်းမာရေး လေ့ကျင့်ခန်း သုံး ကရိယာ များ လိုအပ်လျက်ရှိပြီး စားသုံးသူရပိုင်ခွင့် ဥပဒေပြဋ္ဌာန်းပေးရန်လိုအပ် ပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာတွင်း/ ကျေးရွာရှိကျေးလက် ကျန်းမားရေးဆေးပေးခန်းနှင့်ကျေးရွာမှ (၂)မိုင် ခန့်ဝေးသည့် မန်နိုကျေးရွာကျေးလက်ကျန်းမာရေးဌာနခွဲ နှင့် (၁၈) မိုင်ခန့်ဝေးသည့်မချမ်းဘော့မြို့နယ် ဆေးရုံတို့သို့ကားလမ်းဖြင့်အလွယ် တကူသွားရောက်ကာ ရရှိနိုင်ကြသည်။

သောက်ရေအတွက် ချောင်းရေ၊စိမ့်စမ်းရေ၊ လက်တူးတွင်းကိုသုံးစွဲကြပြီး တစ်နှစ်ပါတ်လုံး လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါးယင်လုံ အိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက် စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုနည်းပါးသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထား သီးသန့်မရှိပါ။လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများ တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များ တွင်လည်း (ရိုးရာ အကများဖြင့် တင်ဆက်) ပါဝင်ကြသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် မူလတန်း/အလယ်တန်း ကျောင်းသားများအား ယဉ်ကျေးလိမ္မာ သင်တန်း၊ စာပေယဉ်ကျေး မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်မူ မြောင်းတူး/လမ်း ပြင်ခြင်း စသည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

**(ဓ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများ အတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြု နေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက်အဦနှင့် ဖတ်စရာစာအုပ်များမရှိပါ။ ရွာသားများသည် စာပေဗဟုတုတ အားနည်းသည်ကိုလေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင်းရှိရွာတွင်းလမ်းများမှာမြေသားလမ်းများဖြစ်၍ မိုးရာသီတွင်ဗွက်ထ၍ သွားလာရ ခက်ခဲမှုများရှိပါသည်။ ရွာတွင်းလမ်းများအဆင့်မြှင့်တင်ပေးရန်နှင့်ရွာတွင်းလမ်းပေါ်ရှိတံတားများ၊ရေ ပြွန်များတည်ဆောက်ပေးရန်လိုအပ်ပါသည်။ စည်းအဝေးများပြုလုပ်ရန်အခက်အခဲများရှိနေ၍ ကျေးရွာခန်းမတည်ဆောက်ရန်လည်းလိုအပ်လျှက်ရှိ ပါသည်။

ကျေးရွာတွင်လျှပ်စစ်မီးအား ဓာတ်အားလိုင်းမရရှိသဖြင့် ကျောင်းသား/သူများ ကျောင်းစာကြည့်ရန်နှင့်အမျိုးသမီးများအိမ်မှုကိစ္စများဆောင်ရွက်နိုင်ရန်များစွာအခက်အခဲဖြစ်စေ ပါ သည်။လျှပ်စစ်မီးအား ဆိုလာစနစ်ဖြင့်ရရှိသည်ကိုတွေ့ရှိရပါသည်။ သို့သော် ကျေးရွာ ရှိအိမ်ခြေများအချို့ မရရှိကြပါ။

**(န)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသော်လည်း လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ် သိရှိနိုင်မှု အားနည်းသည်။ အာမခံစနစ်ကိုသိရှိထားသူမရှိသလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသားများသည် မချမ်းဘော့မြို့နယ်ရှိရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ကြီးကြီးမားမားဖြစ်ပွါးခြင်းနည်းပါးသည် / မရှိပါ။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာသည် မြေပြန့် ဒေသဖြစ်ပြီး၊ မချမ်းဘော့မြို့ နှင့် (၂၁)မိုင်တွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး လွယ်ကူချောမွေ့စွာသွားလာနိုင်ပေသည်။ကျေးရွာတွင် လျှပ်စစ် မီးမှာ မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ခြင်းမရှိသဖြင့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အခက်အခဲ/ အထောက်အပံ့ ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ်သုတ၊ရသနှင့် သတင်းအစုံအလင်အား ကြည့်ရှုနိုင် /မကြည့်နိုင်သဖြင့်၊ လူနေမှုအဆင့်အတန်း နိမ့်ကျလျက်ရှိသည်။

လူဦးရေအားလုံး၏ ၅၅%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် မရှိသဖြင့်ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကိုလေ့ကျင့်သင် ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ထရန်ဒမ်း တိုက်နယ်ဆေးရုံနှင့် မချမ်းဘော့ ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြုအဖွဲ့အစည်းများ အတော်အသင့်ရှိပြီးအဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီးထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက် ရန် လွန်စွာအထောက်အပံ့ကောင်းများဖြစ်စေပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေးစံပြစိုက်ကွက်များကို ကျေးရွာတွင် စိုက်ပျိုးထားခြင်းသည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်းစနစ်များအား အချိန်နှင့်တစ်ပြေးညီ ရရှိစေသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့် ကောင်းမွန်သည်။ တောင်သူများသည် စပါးအား စီးပွားအဖြစ်မစိုက်ပျိုးကြပါ။ တစ်နိုင်တစ် ပိုင်မိသားစု ဝမ်းစာဖူလုံရန်သာစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးမပြုနိုင်ကြပါ၊ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟာန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြားမတွေ့ရှိရပေ။သို့သော်ကျေးရွာတွင်ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များ ကြားတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှု အပိုင်းတွင် စနစ်ကျမှု အနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီးမြေလွတ်မြေရိုင်းများထပ်မံမတိုးချဲ့နိုင်တော့ပဲလက်ရှိမြေပေါ် တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်းသိရှိရသည်။ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ တောင်သူများ ခံစားရကြပါသည်။ ကျေးရွာ တွင်ဘွဲ့ရ လူဦးရေအလွန်နည်းပါး၍ ကျေးရွာဖွံ့ဖြိုးရေးစီမံအုပ်ချုပ်မှုများ ဆောင်ရွက်ရန် ခေါင်းဆောင်မှု အားနည်း နေကြောင်း တွေ့ရှိ ရပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလ အတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းများအဆင့်မြင့်တင်ခြင်း အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုးတက်လာရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့်နည်းပညာ အသုံးချနိုင် စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့

ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီး ငွေများ ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကို ရွေးချယ် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်း သား များ အတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည် ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင် များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### ( က ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(ဃ) စောင့်ကြည့်ကြီးကြပ်အကဲဖြတ်ခြင်း**

ခန်ဂျိုကျေးရွာအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးတွင် စောင့်ကြည့်ကြီးကြပ်ရေးကော်မတီဖွဲ့စည်း၍ ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အားနှစ်စဉ်အကဲဖြတ် သုံးသပ်ခြင်း၊ အကြံပြုခြင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ဆုံးဖြတ်ခြင်းများ ဆောင်ရွက်သွားမည်။

## ကျေးရွာဖွံ့ဖြိုးရေး လက်ရှိအခြေအနေအားသုံးသပ်ရန်အထောက်အကူပြုဇယားများ

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၃ | ၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၇ | ၁၃ | ၂၀ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၁၉ | ၄၁ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇ | ၁၇ | ၂၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၇ | ၄၁ | ၈၈ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂ | ၅ | ၇ |
| စုစုပေါင်း | | ၉၁ | ၉၈ | ၁၈၉ |
| စုစုပေါင်း အိမ်ထောင်စု (၃၃) | | တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ = ၅.၇ | | |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊(၃) အိမ်ထောင်စုဇယား

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင်အိမ်ထောင်စုပေါင်း၃၃အိမ်ရှိပြီးလူဦးရေပေါင်း၁၈၉(ကျား၉၁+ မ ၉၈) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၇ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာမြန်မာနိုင်ငံ၏စံနှုန်း ဖြစ်သော ၅ယောက်နှုန်း နှင့်ကိုက်ညီမှုရှိသည်ကိုတွေ့ရသည်။ ကျေးရွာတွင်နို့စို့အရွယ် ကလေးငယ် စုစုပေါင်း၉ ဦး၊% ၄. ၇ သာရှိ သဖြင့်ယခုနှစ်များတွင်မွေးဖွါးနှုန်းကျဆင်းလာနေသည်ကိုတွေ့ရသည်။**၅ နှစ်အောက်ကလေး ၂၀ ဦး (၁၀.၅%) ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေး အရေအတွက်ကို အတိအကျ သိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၄၁ဦး (ကျား ၂၂ + မ ၁၉) နှင့် အလယ်တန်းကျောင်း သားအရွယ် ၂၄ ဦး (ကျား ၇ + မ ၁၇) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေး တိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၈၈ (ကျား ၄၇+ မ ၄၁)၊ (၄၆%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ အသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါကကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အထောက် အကူဖြစ်မည်။**

(၂) သဘာဝရင်းမြစ်များနှင့်ရာသီဥတုအခြေအနေ

(၂-၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်ရရှိမှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(ကောင်း/သင့်/ညံ့) | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သည့်ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်းစသည်) |
|---|---|---|---|---|
| လယ်မြေ | ၇၉ | သင့် | ရရှိ | ချောင်း |
| ယာမြေ / တောင်ယာမြေ | ၃၇ | သင့် | ရရှိ | |
| ဥယျာဉ်ခြံမြေ | ၇ | သင့် | | |
| အိမ်ခြံဝင်းစိုက်ခင်း | | သင့် | ရရှိ | လက်တူးတွင်း |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | ၆၇ | သင့် | ရရှိ | ချောင်း |
| ပလပ်မြေ | ၁၁၁ | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | ၃၀၁ | | | |

ရင်းမြစ် ... (၁) ရပ်မိရပ်ဖအုပ်စု၊(၂)အိမ်ထောင်စုစာရင်းကောက်ယူမှု

မှတ်ချက်။ ။ရေရရှိသည့်အရင်းအမြစ်-စိမ့်စမ်းရေသွယ်၊ချောင်း၊မြစ်၊လက်တူးတွင်း

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ် ၇၉ ဧက၊ တောင်ယာမြေ ၃၇ ဧက၊ စာကျက်မြေ(၆၇) ဧကမြေလွတ်မြေလပ်(၁၁၁)ဧက စုစုပေါင်းမြေ(၃၀၁) ဧက ရှိသည်။ ဥယာဥ်ခြံမြေမှာ မြေဆီလွှာအရည်အသွေး ကောင်းသော်လည်း ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အ ရည်အသွေး သင့်သည်။ကျေးရွာတွင်ရေအရင်းအမြစ်အား အဓိကအားဖြင့်စိမ့်စမ်း၊ချောင်း၊လက်တူးတွင်းများမှ သုံးစွဲကြပြီး ရေအရင်းအမြစ်လုံလောက် လျှက်ရှိ ကြောင်းတွေ့ရှိရပါသည်။

## (၂-၂) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| **ကာဗွန်(ခါတ်ငွေ့/ရေနံ)** | | |
| **ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ကျောက်မီးသွေး၊သဲစသ ည်။)** | နည်း | လက်လှမ်းမမှီ |
| **အခြားသဘာဝအရင်းအမြစ်** | | |
| **တိရစ္ဆာန်မျိုးစိတ်များ** | **သင့်** | **ခက်** |
| **အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာတို့အတွက်အသုံးဝင် သော)** | **များ** | **လွယ်** |
| **ပျှမ်းမျှအပူချိန်- ၂၇** | **ပျှမ်းမျှမိုးရေချိန် – ၄၄လက်မ** | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ဆောက်လုပ်ရေးအတွက် အသုံးပြုရန်သဲနှင့် ကျောက်ကို လိုသလောက် ရရှိ နိုင်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် သဘာဝပေါက် ဆေးဖက်ဝင်အပင်အမျိုးမျိုးသစ်ခွအမျိုးမျိုး၊ဝါး၊ သစ်မျိုးစုံများစွာ ပေါက်ရောက်ကြောင်းတွေ့ရှိရပါသည်။ တိုင်းရင်းဆေးပညာသင်ကြားနိုင်ပါကကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာမည်ဖြစ်သည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန်( အနည်းဆုံးတစ်လု နှင့်အထက်ရွေးနိုင် သည်) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ဘာသာရေး | ၁☐ ၂☒ ၃☐ | ပညာရေး ☐<br>ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၂ | မြစိမ်းရောင် စီမံကိန်း ကော်မတီ | ၁☒ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၃ | ကျေးရွာလူ ငယ်အဖွဲ့ | ၁☐ ၂☒ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၄ | မိဘ/ဆရာ အသင်း | ၁☐ ၂☒ ၃☐ | ပညာရေး ☒ ငွေကြေး<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | စာကျက်ကေ ာ်မတီ | ၁☐ ၂☒ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၆ | ရိုးရာကော်မ တီ | ၁☐ ၂☒ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန်( အနည်းဆုံးတစ်လု နှင့်အထက်ရွေးနိုင်သည်) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်း လင်းဖော်ပြချက် |
|---|---|---|---|---|

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်း အဖွဲ့ပေါင်း (၆) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၁ ဖွဲ့ရှိပြီး လူမှုရေးကို အခြေခံသောအဖွဲ့ ၄ ဖွဲ့နှင့်လဘာသာရေးနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့၂ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသော အဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန် ယုံ ကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီးကြာရှည်လည်းရပ်တည်နိုင်ကြသည်။ပြင်ပမလုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန် ယုံ ကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှုမ ရှိကြပါ။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁)ဥစ္စာခနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာခနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧကနှင့်အထက် | ၃ဧကမှ၄ဧကထိ | ၂ဧကမှ၃ဧကထိ | ၁ဧကအောက် |
| အိမ်အခြေအနေ | ပျဉ်ထောင်/ကာ/ခင်း၊သွပ်မိုး(၂)ထပ် | ပျဉ်ထောင်/ကာ/ခင်း၊ သွပ်မိုး(၁)ထပ် | ပျဉ်ထောင်၊ဝါး ကြမ်းခင်း၊သင်း ကောရွက်မိုး | တဲ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထော်လာဂျီ ကား၊ | သုံးဘီး၊ဆန်စက်၊လ ယ်ထွန်စက် | လက်တွန်းထွန်စ က်၊ဆိုင်ကယ် | ကျွဲ၊နွား |
| အဓိကစီးပွားရေး လုပ်ငန်း | ၃မျိုး | ၂ မျိုး | ၁ မျိုး | ကျပမ်းနေ့စား |
| အိမ်ထောင်စု (၃၃) | | ၃ | ၂၈ | ၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဇော်ကန်ကျေးရွာတွင်အိမ်ခြေ ၃၃အိမ်ရှိပြီး အဆင့်၁(-)အဆင့် ၂ (၃)အိမ် ( ၉%)၊ အဆင့် ၃ (၂၈) အိမ် (၈၄%)၊နှင့် အဆင့် ၄ (၂) အိမ် (၆%)ရှိသည်။စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သောပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာခနအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ထို့ ကြောင့် အများစုဖြစ်သော အဆင့် ၃နှင့်အဆင့်၄အိမ်ထောင်စုများသည် လက်သမား၊ ပန်းရံ၊ကျပမ်းသွား ရောက်လုပ်ကိုင် ကြရပြီး အချို့အိမ်ထောင်စုမှာသစ်တောရှိဆေးမြစ်၊ သစ်ဥသစ်ဖုများ ရှာဖွေကာပုံမှန်အလုပ်အကိုင် မရရှိတတ် ပေ၊ထို့ကြောင့်အသက်မွေးဝမ်း ကြောင်းအထောက်အကူပြုသင်တန်း များတိုးမြှင့်ပေးပါက ပိုမိုထိရောက် ၍ လူ့ စွမ်းအားအရင်းအမြစ် ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၃၃ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေ ကြား | | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | | တောင်သူလတ် |
| ၅ | ၁၂.၅ ကေ အထက် | | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၃၃ | |

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စု အားလုံးမှာဆင်းရဲသားတောင်သူများဖြစ်ကြပါသည်။** လယ်ယာ စိုက်ပျိုးရေးအား မိသားစု ဝမ်စာဖူလုံ ရေးအတွက်သာ လုပ်ကိုင်ကြပြီး စီးပွားဖြစ် လုပ်ကိုင်သူမရှိပါ

**(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေ အထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်း မျှ | မှ | ထိ | | |
| စပါး | ၇၉ | တင်း | ၁၅ | ၆၀ | ၄၀ | ဇူလို | နိုဝင် | မြင့်☐လတ်☒နိမ့်☐ | မြင့်☐လတ်☒နိမ့်☐ |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်း မျှ | မှ | ထိ | | |
| | | | | | | ၆ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပြောင်း၊ ဆီမုံညင်းနှင့် ပန်းနှမ်းတို့ဖြစ်ပါသည်။ စပါးစိုက်ဧကပေါင်း (၇၉) ဧကရှိပြီး ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ အနည်းဆုံးထွက်နှုံးမှာ တဧက တင်း ၁၅ မှ အများဆုံး တင်း ၆၀ နှင့် ပျမ်းမျှ ၄၀ တင်းနှုံးထွက်သည်။ သွင်းအားစု လိုအပ်ချက်မှ အသင့်အတင့် ဖြစ်ပြီး အမြတ်ရရှိနိုင်မှု နိမ့် သည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိစိုက်ပျိုးသော စပါးမျိုးမှာ ထွက်နှုံးနှင့်အရည်အသွေးညံ့သည်။ ထို့ကြောင့် စပါးမျိုးကောင်းမျိုးသန့် ရရှိရန်လိုအပ်သည်။

အခြားစိုက်ပျိုးသီးနှံအားဧက (၁၃) ခန့်စိုက်ပျိုးကြသည်။နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး မတ်လတွင်ရိတ်သိမ်းကြသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| **နွား** | ၆၂ | |
| **နို့စားနွား** | – | |
| **ကျွဲ** | ၃၃ | |
| မြင်း | – | |
| မြည်း | – | |
| လား | – | |
| ဆိတ် | | |
| သိုး | – | |
| ဝက် | ၂ | |
| ကြက် | ၂၅၁ | |
| ဘဲ | | |
| နွားနောက် | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အိမ်မွေးတိရိစ္ဆာန်များကိုအိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ် မွေးမြူ လေ့မရှိကြပါ။ နွားကို ၂၁အိမ်မှ ၆၂ကောင်၊ ကျွဲကို ၁၇ အိမ်မှ ၃၃ ကောင်၊ ဝက်ကို ၂ အိမ်မှ ၂ကောင်၊ ကြက်ကို ၃၃အိမ်မှ ၂၅၁ ကောင် မွေးမြူကြသည်။ မွေးမြူရေးနှင့် ပါတ်သက်၍ကျေးရွာတွင်ဈေးကွက်လက်လမ်းမမှီပါ။နှစ်စဉ်ရာသီအလိုက်ရောဂါများ ဆိုးရွားစွာ ကျရောက်လေ့ရှိပြီး ကျေးရွာတွင် လိုအပ်သည့် အချိန်တွင် ဝန်ဆောင်မှု အလွယ်တကူ ရနိုင်ကြသည်။

**စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ**

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| စဉ် | လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်း နှင့်အခြားဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း/အလုပ်သမားအရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊မြင့်၊လတ်) |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်များ | | | | |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ | | | | |
| ၅ | ယဉ်၊စက်ကိရိယာ၊အိမ်သာသုံးပစ္စည်းများပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်(ဆံပင်၊အလှပြင်အပ်ချုပ်၊အင်ဂျင်နီယာ) | | | | |
| ၇ | လက်လီ–လက်ကားရောင်းဝယ်သူ | | | | |
| ၈ | ပညာရေး | | | | |
| ၉ | ကျန်းမာရေး | | | | |
| ၁၀ | သစ်ဉ၊သစ်ဖု၊ဆေးမြစ်ရှာဖွေခြင်း | | | | |

ရင်းမြစ်....(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စုဆွေးနွေးခြင်း(လယ်သမားအုပ်စု)

လေ့လာတွေ့ရှိချက်။ ။ မန်နီကျေးရွာတွင် အဓိကလယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာဆောင်ရွက်ကြပါသည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ရန်လက်လမ်းမမှီခြင်း နည်းပညာမရှိခြင်း တို့ကြောင့်ဆောင်ရွက်ရန်ခက်ခဲပါသည်။ အသက်မွေးဝမ်းကြောင်းအထောက် အကူပြုသင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးပါက ကျေးရွာအတွက်အကျိုးရရှိနိုင်ပါသည်။

(၅)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ
ဇယား(၁၀)ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ

## (၅.၂) ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးအခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံးတစ်ခုကိုသာဖော်ပြရန်) | အကြီးဆုံးဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြရန်) |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | ပူတာအို | ပူတာအို |
| ရွာမှအကွာအဝေး(မိုင်) | ၈ မိုင် | ၁၇မိုင် |
| သယ်ယူပို့ဆောင်သည့်နည်းလမ်း | ကား၊ဆိုင်ကယ်၊သုံးဘီး | ကား၊ဆိုင်ကယ်၊သုံးဘီး |

ရင်းမြစ်– (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိ/ရပ်ဖ၊အမျိုးသမီးအုပ်စု
လေ့လာတွေ့ရှိချက်။ ဇော်ကန်ကျေးရွာတွင် ကျေးရွာတွင်းဈေးမရှိပါသဖြင့် ပူတာအိုမဈေး သို့အဓိကထား သွားလာဝယ်ယူရပြီး ပူတာအိုဈေးသို့ ခြေလျင် ၊ဆိုယ်ကယ် ၊ သုံးဘီးဖြင့်သွားလာရပါ
သည်။

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☒ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း သင့် ☒ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐ ☒ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☒ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂ ☐ ၃☐ ၄☒ ၅☐ | ကောင်း ☐ သင့် ☒ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☒ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☒ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂☒ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☒ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☒ | ပွင့်လင်း ရာသီ ☒ တစ်နှစ်ပတ်လုံး☒ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☒ ၁၀မိုင်အထက်☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး ချောင်းမြောင်းများပေါ်များ၍ လမ်းများအဆင့်မြင့်တင်ရန်နှင့် တံတားများ၊ ရေပြွန်များတည်ဆောက်ပေးရန်လို

အပ်ကြောင်းတွေ့ရှိပါသည်။ ကျေးရွာချဉ်းကပ်လမ်းမှာ မြေသားလမ်းဖြစ်သည်။ ရွာချင်းဆက်လမ်းမှာ ကွန်ဂရစ်လမ်းဖြစ်သည်။

**(၅-၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး**

**ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး** (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိအသုံးမပြုပါအကွက်တွင်✓ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြစ်ကြောင်းဖြင့် အသုံးမပြုပါ။

**(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၃ | | | ၁၅ | | | | | ၉ |

**ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် စက်ဘီး (–) စင်း၊ မော်တော်ဆိုင်ကယ် ၁၅ စီး၊ သုံးဘီးဆိုင်ကယ်(–)စီး၊ နှင့် နွားလှည်း ၉ စီးရှိ သည်။ အချို့လူများအလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်ပြုပြင်ရန် ဝပ်ရှော့ထူထောင်လိုသော်လည်း နည်းပညာနှင့်အရင်းအနှီးမရရှိသောကြောင့် ထူထောင်နိုင်ခြင်းမ မရှိပါ။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | ၃၀ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်…** (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လျှပ်စစ်မီးအား အိမ်သုံးဆိုလာ အသေးများဖြင့်အသုံးပြုကြရ ပြီးဆိုလာအများစုမှာ ပျက်စီးသွားပြီဖြစ်၍ လျှပ်စစ်မီးအသုံးပြုရန်ခက်ခဲကြောင်း တွေ့ရှိရပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| **အရေအတွက်** | ၂၂ | ၂ | ၉ | |

**ရင်းမြစ်…** (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တယ်လီဖုန်းအရေအတွက် ၂၂လုံးရှိပြီး အမ်ပီတီ၊ တယ်လီနောနှင့် အော်ရီဒူး ၃ မျိုးစလုံးလိုင်းမိ၊ လိုင်းကောင်းသည်။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အ သုံးပြုနိုင်ကြပြီး အင်တာနက်လိုင်းအသုံးပြုကြသော်လည်း ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှုကွန်ယက် များကိုသာ အသုံးပြုကြသည်။ အရေးကြီးသည့် သတင်း၊နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားလေ့လာ စရာ များကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းမရှိကြသေးပါ။

ရေဒီယို ၂ လုံးအသုံးပြုနေကြသော်လည်း ယေဘူယျအားဖြင့် အသုံးပြုသူနည်းနေ သည်ကိုတွေ့ ရသည်။ အသုံးပြုသူ နည်းရခြင်းမှာ ရေဒီယိုကို မြန်မာဘာသာဖြင့်သာ ထုတ်လွှင့်ပေးသောကြောင့် ဘာသာစကားအခက်အခဲရှိခြင်း၊ သတင်းများ အချိန်မီမထုတ်လွှင့်နိုင်ခြင်းနှင့် သတင်းများ အပေါ် ဒေသ ခံတိုင်းရင်းသားများအနေဖြင့် အဖြစ်မှန်နှင့်ကွဲလွဲမှုများရှိသဖြင့် လက်ရှိသတင်းထုတ်လွှင့်မှုများကို ယုံ ကြည်မှု နည်းကြသည်။ ထို့ကြောင့် တိုင်းရင်းသား ရေဒီယိုအသံလွှင့်ဌာနများဆောင်ရွက်ရန်လိုအပ် ပါသည်။တီဗွီ ၉ လုံးရှိသော်လည်း လျှပ်စစ်မီးအခက်အခဲကြောင့် စလောင်းများတပ်ဆင်နိုင်ခြင်းမရှိဘဲ ဗွီတီယိုဇတ်ကားများကြည့်ရှုခြင်းအတွက်သာ အသုံးပြုကြရပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| | | | |
| မူလတန်း | ၁၇ | ၁၇ | ၃၄ |
| အလယ်တန်း | ၇ | ၁၂ | ၁၉ |
| အထက်တန်း | | ၃ | ၃ |
| တက္ကသိုလ်/ကောလိပ် | | | |

**ရင်းမြစ်** … (၁) ကျောင်းဝင်စာရင်း၊ (၂) **ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းကျောင်းသားအရွယ် ၄၁ ဦးရှိသည့်အနက်လက်ရှိ မူလတန်းတက်ရောက်သူမှာ ၃၄ ဦးတက်ရောက်နိုင်သဖြင့် ၈၂.၉% ကျောင်းတက်နိုင်သည်ကို တွေ့ရသည်။ အလယ်တန်းကျောင်းသားအရွယ် ၂၄ ရှိသည့်အနက် လက်ရှိ အလယ်တန်းကျောင်းတက်သူမှာ ၁၉ ဦးသာ ရှိပြီး ၇၉% သာ ကျောင်းတက်နိုင်သည်။ အထက် တန်းကျောင်းသား ဦးရေမှာ (၃) ရှိပြီး တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ မရှိခြင်းကို ကြည့်ခြင်းဖြင့် ပညာရေးအဆင့်အတန်း အလွန်နိမ့်ပါးလျှက်ရှိသည်ကို စိုးရိမ်ဖွယ်လေ့လာတွေ့ရှိရပါသည်။

### (၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☒<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☒<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | ကား ☐ | | | ကား ☐ | | | ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၀၀' x ၃၀'=3000'<br>၆၀' x ၃၀'= ၁၈၀၀' | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☒ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☒ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☒<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☒<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျ ား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၂ | ၆ | ၈ | | | | | | |
| ကျေးရွာခန့် | | ၃ | ၃ | | | | | | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်း အ.မ.ကဇော်ကန် မူလတန်း စာသင်ကျောင်းရှိရပါသည်။ အခြေခံပညာအလယ်တန်း၊ အထက်တန်းများအား ပူတာအို ၊မချမ်းဘော့မြို့များသို့သွားရောက်ပညာသင်ကြားရပါသည်။မြို့ကျောင်းများသို့သွားရောက်ပညာသင်ကြာ းရသဖြင့် ငွေကြေးမတတ် နိုင်သည့် မိသားစုမှကလေးများပညာဆက်လက်သင်ကြားရန်ခက်ခဲသဖြင့် အလယ်တန်းအထက်တန်း များတွင်ကျောင်းထွက်နှုန်းမြင့်မားလျှက်ရှိသည်ကိုလေ့လာသိရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |
| *၃* | ငှက်ဖျား | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၄* | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |
| *၆* | တီဘီ | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☒ | *နိမ့်*☐ | *မရှိ*☐ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐ | *နိမ့်*☒ | *မရှိ*☐ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐ | *နိမ့်*☐ | *မရှိ*☒ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး အဖြစ်များသည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှု နိမ့်သည်။ အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှု မှာမြင့်မားသည်။ အရောင်ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက် နေရ ခြင်း၊ ကျန်းမာရေးလေ့ကျင်းခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုးရောဂါမှာအဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ(ဘီ၊စီ) မှာလည်း အသက်ရှုလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံး အဆောင်များကို ရောဂါရှိသူများ နှင့် အတူသုံးစွဲရာမှတဆင့် အလွယ်တကူ ကူးစက်နိုင်သောကြောင့် အသည်းရောင်ရောဂါ (ဘီ၊စီ) အဖြစ် များသည်။ကျေးရွာအတွင်းရှိ မူးယစ်ဆေးဝါး သုံးစွဲသည့် လူငယ် များ များပြားသဖြင့် HIV, AIDS ကူးစက်ခံရမှုမြင့်မားလျှက်ရှိပါသည်။လူလတ်ပိုင်းအချို့တွင် ကျောက်ကပ်ရောဂါခံစားနေရကြောင်းလည်းတွေ့ရှိရပါသည်။ ကျန်းမာရေးဗဟု သုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့်ကျန်းမာရေးပညာပေးသင်တန်း၊ကျန်းမာရေး လေ့ကျင့်ခန်းသုံး ကရိယာ များ လိုအပ်လျက်ရှိပြီး စားသုံးသူရပိုင်ခွင့် ဥပဒေပြဌာန်းပေးရန်လိုအပ်ပါသည်။

## (၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â ရှိ | |
| ၃ | ပိုလီယိုရောဂါ | Â ရှိ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â ရှိ | |
| ၅ | ဝက်သက်ရောဂါ | Â ရှိ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | Â ရှိ | |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်) | | မရှိ |
| ၈ | အာဟာရပညာပေးအစီစဉ် | | မရှိ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။**

## (၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☒<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☒ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☒<br>၁၀ မိုင်အထက် ☐ | ရှိ ☒<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☒ | ရှိ ☒<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် ရှိသည် ☐<br><br>ရွာတွင် (သို့မဟုတ်) ရွာအနီး အနားတွင် ဆေးဆိုင် မရှိပါ ☒ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားသည် ☐<br><br>ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျ သိုလှောင်ထားခြင်း မရှိပါ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း ၁ မိုင်ခန့်သာကွာဝေးသည့် မန်နီကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ အရေးပေါ်ကိစ္စဖြစ်ပါကကျေးရွာမှ (၈)မိုင်ခန့်ဝေးသည့် ထရန်ဒမ်းတိုက်နယ်ဆေးရုံ ၊ ၁၂မိုင်ခန့်ဝေးသည့် ပူတာအိုဆေးရုံများသို့ သွားလာရပါသည်။လမ်းကောင်းသော်လည်း အရေးပေါ် သွားလာရန် ယဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာအ ခက် အခဲရှိသည်။ ထို့ကြောင့် အရေးပေါ်ယဉ်လိုအပ်သည်။

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး (သောက်သုံးရေ အရည်အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထားပါက ဖြေရန်မလို) | သောက်သုံးရေ ရရှိနိုင်မှုနှင့် လုံလောက်မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် () | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ တုံကင် () | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | ၃၃ | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

**ရင်းမြစ်…(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သောက်ရေတွင်းများရှိသော်လည်း ကျေးရွာရှိအိမ်ထောင်စု အားလုံးမှာ လွယ်ကူသည့် စိမ့်စမ်းရေသွယ်ကိုသာ အဓိကအသုံးပြုကြသည်ကို တွေ့ရှိရပါသည်။

**(၇.၄-၂) သန့်ရှင်းရေး အခြေအနေ** (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၈ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၅ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စု(၂၈)စုမှယင်လုံအိမ်သာသုံးစွဲကြပြီးအိမ်ထောင်စု (၅)စုမှာ တွင်းအိမ်သာအသုံးပြုလျှက်ရှိကြောင်း တွေ့ရှိရပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့်ဘေးအန္တရာယ်များအခြေအနေ

| စဉ် | ဘေးအန္တရာယ်အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | **စားနပ်ရိက္ခာ မဖူလုံမှု** | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၂ | **သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)** | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၃ | **ရေကြီးခြင်း** | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၄ | **မိုးခေါင်ခြင်း** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၅ | **အအေးလွန်ကဲခြင်း** | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၆ | **မုန်တိုင်း** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | **လျှော်** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | **မီးဘေး** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၉ | **ဆားငန်ရေဝင်မြေ** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | **မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု** | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၁၁ | **သစ်တောပြုန်းတီးခြင်း** | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | **ငှက်ဖျားရောဂါ** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၃ | **တီဘီရောဂါ** | မြင ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၄ | **ကိုယ်ခံအားကျဆင်းမှုရောဂါ** | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |

| စဉ် | ဘေးအန္တရာယ်အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ အအေးလွန်ကဲခြင်း၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ သစ်တောပြုန်းတီးမှုနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုတို့မှာ ထိခိုက်လွယ်မှုမြင့်သည်။ ကိုယ်ခံအားကျဆင်းမှုရောဂါမြင့်ရခြင်းမှာ လူငယ်များမူးယစ် ဆေးဝါး အလွန် အကျွံသုံးစွဲ ရခြင်း၊ လိင်မှတဆင့်ကူးဆက်ခံရခြင်းတို့ကြောင့်ဖြစ်သည်။ သစ်တောပြုန်း တီးမှု မြင့်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိခုတ်လှဲခြင်း၊ ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်းနှင့် ထင်းမီးသွေးစီးပွါးဖြစ် ထုတ်ယူခြင်း တို့ကြောင့်ဖြစ်သည်။ တိရစ္ဆာန်ကူးစက်မှု ရောဂါ ကျရောက်မှု မြင့်ရခြင်းမှာ တိမွေးကု ဌာနမှ ဝန်ဆောင်မှု လုံလောက်စွာ မရရှိနိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးဝန်ဆောင်မှု မရှိခြင်းကြောင့်ဖြစ်သည်။

### (ဉ) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | လတ် | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | မြင့် | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | |
| | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီ သြဇာ အခြေအနေတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီသြဇာ လျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓါတုဆေးဝါးများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း

အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ်ရှိမှု မြင့်သည်။ အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း စည်းကမ်းကဲ့ မှုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျုံ တောဝက်၊ တောကြောင်အနည်းငယ်သာ ရှိပြီး ရှားပါးလာသည်။

(၁၀)ကျားမရေးရာ

ဇယား(၂၅) ကျားမ ရေးရာ

| | ကျေးရွာ၏လူမှုစီးပွားရေးအတွက်အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်တင်သောအချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသောတစ်ခုကိုရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်မှု/ခေါင်းဆောင်မှု | ရှိ | မရှိ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ | မရှိ |

ရင်းမြစ်(၁) အဖွဲ့အစည်းစာရင်း၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း ရပ်မိရပ်ဖ၊အမျိုးသမီးအုပ်စု

လေ့လာတွေ့ရှိချက်။ မန်နိုကျေးရွာတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံခြင်းများမရှိသော်လည်း ကျေးရွာစီမံ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်ခွင့်မရရှိကြကြောင်းတွေ့ရှိရပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ ခေါင်းဆောင်မှုဆိုင်ရာသင်တန်း<br>၂။ စာရင်းနှင့် မှတ်တမ်းရေးသွင်းနည်းသင်တန်း | ၇ |
| ၂ | ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ကျန်းမာရေးအသိပညာပေးသင်တန်း<br>၂။ တိုင်းရင်းဆေးသင်တန်း | ၃ |
| ၃ | လမ်းတံတားနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှုစီမံကိန်း | ၁။ ရွာတွင်းကွန်ကရစ်တံတား၊သစ်သားတံတား၊ ရေပြွန်များ တည်ဆောက်ခြင်း<br>၂။ ရွာတွင်းလမ်းများအဆင့်မြင့်တင်ခြင်း<br>၃။ ကျေးရွာခန်းမတည်ဆောက်ခြင်း | ၁ |
| ၄ | စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ စပါးမျိုးကောင်းမျိုးသန့် ရရှိရေး<br>၂။လယ်ယာသုံးစက်ကရိယာ အရစ်ကျ ရောင်း ချခြင်း<br>၃။ နှစ်ရှည်ပင်စိုက်ပျိုးနည်းသင်တန်း<br>၄။သဘာ၀မြေဆွေးပြုလုပ်နည်းနှင့်ဘက်စုံပိုးမွှားကာကွယ်နှိမ်နှင်းမှုသင်တန်း | ၄ |
| ၅ | မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ တိမွေးကုမွှမ်းမံသင်တန်း | ၆ |
| ၆ | ဘဏ္ဍာနှင့် ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ အတိုးနှုံးသက်သာသော နှစ်ရှည်ချေးငွေ<br>၂။ မြစိမ်းရောင်စီမံကိန်း | ၅ |

| | | | |
|---|---|---|---|
| ၇ | လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း | ၁။ စက်၊ လက် ယက္ကန်းသင်တန်း<br>၂။ အလှပြင်သင်တန်း<br>၃။ စက်ချုပ်အဆင့်မြှင့်သင်တန်း<br>၄။ လျှပ်စစ်ပြုပြင်သင်တန်း<br>၅။ အခြေခံစားသောက်ကုန်နှင့်လူသုံးကုန်ထုတ်လုပ်မှုသင်တန်း<br>၆။ လက်သမား/ပန်းရံ အဆင့်မြှင့်တင်ရေးသင်တန်း<br>၇။ တယ်လီဖုန်းပြုပြင်နည်းသင်တန်း<br>၈။ ရိုးရာယက္ကန်းသင်တန်း<br>၉။ ဝါရိန်ဆော်သင်တန်း<br>၁၀။ ယို/ဝိုင် ပြုလုပ်နည်းသင်တန်း<br>၁၁။ မုံမျိုးစုံပြုလုပ်နည်းသင်တန်း<br>၁၂။ ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>၁၃။ စာရင်းကိုင်သင်တန်း<br>၁၄။ ကွန်ပျူတာသင်တန်း<br>၁၅။ အင်္ဂလိပ်စကားပြောသင်တန်း<br>၁၆။ ရိုးရာတီးဝိုင်း/ ခေတ်ပေါ်တီးဝိုင်းထူထောင် ခြင်း<br>၁၇။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း<br>၁၈။ ယဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှုအသိပညာပေး သင်တန်း<br>၁၉။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေးသင်တန်း<br>၂၀။နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း | ၂ |
| ၈ | သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ အမှိုက်သိမ်းယဉ်ထူထောင်ခြင်း<br>၂။ သဘာဝအရင်းအမြစ်များအားအလွန်အကျွံမထုတ်သုံးပဲ ပြန်လည်ဖြည့်သွင်းခြင်း(သစ်ပင်စိုက်ပျိုးခြင်း၊...) | ၈ |
| ၉ | မူဝါဒများ | ၁။ အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း<br><br>၂။ တိုင်းရင်းသားစာပေများကို ကျောင်းသင်ရိုး ညွှန်းတမ်းများ တွင် ထည့်သွင်းသင်ကြားပေးရေး<br>၃။ အုပ်ချုပ်ရေးတွင် အမျိုးသမီးများကို အချိုးကျ အနည်းဆုံး ၂၀% ပါဝင်ဖွဲ့စည်းခွင့်ပေးရန်<br><br>၄။ လူထုအခြေပြု မူးယစ်ဆေးကာကွယ်တားဆီးရေးအဖွဲ့ အား တရားဝင် ဖွဲ့စည်းခွင့်ပေးရန် | ၉ |

## ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်သွားမည့် စီမံကိန်းလုပ်ငန်းစီမံချက်

| စဉ် | စီမံကိန်းလုပ်ငန်းအမည် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း | ✓ | | | | |
| ၂ | ကွန်ကရစ်တံတားတည်ဆောက်ခြင်း(၂)စင်း | | ✓ | | | |
| ၃ | ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်း | | | | ✓ | ✓ |
| ၄ | ရွာတွင်းလမ်းများအဆင့်မြင့်တင်ခြင်း | | | ✓ | ✓ | ✓ |
| ၅ | အသက်မွေးဝမ်းကျောင်းသင်တန်းများဖွင့်လှစ်ခြင်း | | ✓ | ✓ | ✓ | ✓ |
| ၆ | ကျေးရွာကုန်ထုတ်လမ်းများဖော်ထုတ်ခြင်း | | | ✓ | ✓ | ✓ |
| ၇ | ကျေးရွာတွင်လျှပ်စစ်မီးရရှိရေး | | ✓ | ✓ | | |
| ၈ | မြေယာမြေသစ်များဖော်ထုတ်ဆောင်ရွက်ခြင်းလုပ်ငန်း | | ✓ | ✓ | ✓ | ✓ |
| ၉ | ကျေးရွာတွင် ရာသီအလိုက်အားကစားပွဲများကျင်းပနိုင်ရေးလုပ်ငန်း | | | | ✓ | ✓ |

**ကိုးကားချက်**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် ၂၀၁၈ခုနှစ် စက်တင်ဘာလတွင် ကောက်ယူထားသည့် အိမ်ထောင်စုဇယား၊ စီမံကိန်းဇယား၊ ကျေးရွာတွင်းဦးတည်အုပ်စုဆွေးနွေးခြင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည်တို့မှ ကိုးကားရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

## ကိုးကားချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာအုပ်သည် ၂၀၁၈ခုနှစ် စက်တင်ဘာလတွင် ကောက်ယူထားသည့် အိမ်ထောင်စုဇယား၊ စီမံကိန်းဇယား၊ ကျေးရွာတွင်းဦးတည်အုပ်စုဆွေးနွေးခြင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည်တို့မှ ကိုးကားရေးဖွဲ့ထားခြင်းဖြစ်ပါသည်။